BURMESE

Mr. Marshall D. Orson ၊ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ
Mrs. Vickie B. Turner ၊ ဒုဥက္ကဋ္ဌ
Mr. Stan O. Jester
Dr. Michael A. Erwin
Mrs. Allyson Gevertz
Mr. Diijon DaCosta
Dr. Joyce Morley

Mrs. Ramona Tyson, ကြီးကြပ်မှုဆိုင်ရာ ဌာနမှူး

ဇွန်လ 19 ရက်၊ 2020

ခင်မင်ရပါသော မိဘများ၊ ကျောင်းသားများ၊ ဝန်ထမ်းများ နှင့် ဘုတ်အဖွဲ့ဝင်များ၊

DeKalb ကောင်တီ ခရိုင်ကျောင်းမှာ 33 နှစ်ကြာ အမှုထမ်းဆောင်ခဲ့ပြီး ယခုထွက်ခွာတော့မည့်အချိန်မှာ သင်တို့ထံကနေ လက်ခံရရှိတဲ့ ချီးကျူးဂုဏ်ပြုမှု၊ မေတ္တာ စကားများနဲ့ အဝေးကနေပေးလာတဲ့ နွေးထွေးကြင်နာတဲ့ပွဲ့ဖက်မှုတွေအတွက် စကားလုံးနဲ့ မဖော်ပြနိုင်လောက်အောင်ပင် ကျွန်မ ကျေးဇူးတင်ရှိပါတယ်။ ကျွန်မရဲ့ အငြိမ်းစားယူတဲ့ဘဝထဲမှာ ကျွန်မ ဘာကိုလုပ်မယ်ဆိုတာ ကျွန်မ မသိပါဘူး၊ ဒါပေမယ့်လည်း ဘာတွေဖြစ်လာမလဲဆိုတာ လမ်းရှာဖို့အတွက် ကျွန်မ စိတ်လှုပ်ရှားနေပါတယ်။

ဒီဘဝစာမျက်နှာ အသစ်တစ်ခုထဲသို့ သွားနေရင်းနဲ့ ကျွန်မ တာဝန်ယူလုပ်ဆောင်နေတဲ့ ပြည်သူ့ပညာရေး ဝန်ဆောင်မှုလုပ်ငန်းဟာ ကျောင်းသားတွေ အောင်မြင်မှုတွေရရှိဖို့အတွက် ကျောင်းစီမံလည်ရေးစနစ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျွန်မတို့အားလုံးက ကိုယ့်ရဲ့ကျရာတာဝန်တွေကို ဖြစ်နိုင်သလောက် လုပ်ဆောင်ဖို့ ဘယ်လောက်အထိ အရေးကြီးခဲ့ကြောင်း ကျွန်မ မှတ်သားမိပါတယ်။

ကျွန်မတို့တတွေအားလုံး  အတူတကွ ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအလုပ်တွေကို မိဘများ၊ ဆရာ၊မများ နှင့် ကျောင်းအုပ်များ တို့ရဲ့ တက်ကြွစွာ ဝိုင်းဝန်းကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှု နှင့် အားပေးမှုတွေမပါဘဲလျက်တော့ ကျွန်မတို့ လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ ကျေးဇူးပြုပြီး သင့်ရဲ့လုပ်စရာတွေမှာ သင့်ကလေးတွေအတွက်သာလျှင် ကန့်သတ်မထားပါနှင့်။ ကလေးတွေရဲ့ အောင်မြင်မှု သေချာရှိစေရန်မှာ သင့်ကလေးရဲ့ဆရာ၊မများနှင့် ကျောင်းအုပ်များတို့နဲ့အတူ သင့်ရဲ့ တက်ကြွစွာ ဝိုင်းဝန်းကူညီမှု နှင့် ပူးပေါင်းဆောင်ရွက်မှု ရှိဖို့ လိုအပ်ပါတယ်။ ကျောင်းသားတစ်ဦးရဲ့ စစ်မှန်တဲ့အောင်မြင်မှုအတွက် စာသင်ကြားမှုဟာ ကျောင်းခေါင်းလောင်းထိုးပြီးတာနဲ့ မပြီးသေးပါဘူး၊ ကျောင်းသင်ခန်းစာတွေကို အိမ်မှာလည်း လေ့လာရပါသေးတယ်။

ကျောင်းသားတွေဟာ သင ဘယ်သောအခါမှ ချန်ထားလို့မရနိုင်အောင် ပြင်းပြတဲ့ လေ့လာသင်ယူလိုဆန္ဒတွေနဲ့   ကျောင်းကိုရောက်ရှိလာကြပါတယ်။ လေ့လာမယ်၊ သင်ယူမယ်၊ လေ့လာသင်ယူကြမယ်! လေ့လာသင်ယူမှုတွေကို ရပ်တန့်လိုက်ဖို့မှာ ကမ္ဘာကြီးက ကြီးလွန်းပါတယ်။ အထက်တန်းကျောင်းနှင့် ကောလိပ်ကျောင်းတွေပြီးသွားတဲ့နောက် နှစ်အတန်ကြာ အလုပ်လုပ်ကြတဲ့ ကျွန်မတို့လည်း  လေ့လာသင်ယူမှုဆိုင်ရာမှာ ဘယ်သောအခါမှ မရပ်တန့် သွားပါဘူး။ လေ့လာသင်ယူမှုဟာ ကြီးပွားတိုးတက်မှု၊ တိုးချဲ့မှု နှင့် အခွင့်အရေးတွေနဲ့ တန်းတူရည်တူ ဖြစ်စေပါတယ်။ သင့်ရဲ့ ပြင်းပြတဲ့လေ့လာသင်ယူလိုမှုဆန္ဒတွေကို ဘယ်သောအခါမှ ချန်လုပ်မထားပါနှင့်။

အခက်အခဲတွေနဲ့ပြည့်နေတဲ့ ဒီနှစ်အတွင်းမှာ ကျောင်းပြီးကြတဲ့ စီနီယာတွေကို ပြောလိုတာကတော့ မမျှော်လင့်ထားတဲ့ ဒီအခက်အခဲဟာ သင်တို့ကို သင့်တင့်သလို ပြောင်းလွယ်ပြင်လွယ်မှု ရှိတတ်ဖို့ သင်ကြားသွားခဲ့ပါတယ်။ ဘာမှကြိုတင်သိရှိချိန်မရှိလိုက်ဘဲ ရုတ်တရက် ဦးတည်ရာဆုံချက်ပြောင်းလဲလိုက်ရတာမျိုး၊ သင့်တင့်သလို ချိန်ညှိပြင်ဆင်လိုက်ရတာမျိုးကို သင်တို့ သင်ယူခဲ့ရပါပြီ။ ဒီလို လိုအပ်သလို လိုက်လျောညီထွေ ပြောင်းလဲနိုင်မှုနဲ့ အပြုသဘောဆောင်တဲ့ စိတ်နေစိတ်ထားတို့ဟာဆိုရင် ဘဝအသက်တာမှာ သင့်ကို ပိုပြီး အောင်မြင်စေမယ့် အမူအကျင့်များပဲ ဖြစ်ပါတယ်။

ဝန်ထမ်းများအတွက်ကတော့ သင်တို့ဟာ တိမ်မြုပ်နေတဲ့ လူစွမ်းကောင်းတွေလို့ ပြောလိုပါတယ်။ ကမ္ဘာအနှံ့ COVID-19 ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်းမှာ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်သားများဟာ အသိုင်းအဝိုင်းထဲ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်မှုပြုခဲ့တဲ့ သူတို့ရဲ့အလုပ်အတွက် ချီးကျူးခြင်းခံကြရတယ်။ ဘယ်လိုပင်ဖြစ်ပါစေ မမောနိုင်မပန်းနိုင် နေ့စဉ်ရက်ဆက်၊ တစ်နှစ်ပြီးတစ်နှစ် မျိုးဆက်သစ်တွေကို စာသင်ကြားပေးပြီး သွန်သင်လမ်းပြပေးကြတဲ့ သင်တို့ဟာ ကျွန်မရဲ့ လူစွမ်းကောင်းတွေ ဖြစ်ပါတယ်။  ကျွန်မရဲ့ အလုပ်သက်တမ်းကာလမှာ အောင်မြင်မှု အနည်းငယ် ရှိခဲ့မယ်ဆိုရင်တော့ အဲဒါဟာ ကျွန်မတို့ရဲ့ကျောင်းမှာရှိတဲ့ ကလေးတွေအတွက် သင့်ရဲ့ အားသွန်ခွန်စိုက်မှု၊ ပြီးတော့ သင့်ရဲ့ သင်ကြားမှုပညာနှင့် အသိပညာဗဟုသုတ တွေကြောင့်ဘဲဖြစ်ပါတယ်။

ဘုတ်အဖွဲ့ဝင်များကို ပြောလိုတာကတော့ သင့်ရဲ့ ပြည်သူ့အတွက် ဝန်ဆောင်ပေးမှု၊ စူးစိုက်နှစ်မြှုပ်မှု၊ လမ်းညွှန်မှု ကျွန်မတို့ရဲ့ကျောင်းသူ၊သားလေးတွေရဲ့ အောင်မြင်မှုကို အာရုံစိုက်ထားရှိမှု တွေအတွက် ကျေးဇူးတင်ပါတယ်။

နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းတဲ့ 33 နှစ်လုံးအတွက် ကျေးဇူးတင်ရှိပါကြောင်း သင်တို့အားလုံးကို ပြောလိုပါတယ်။